# MARCH26 NEWSLETTER

Issue 20



+959897705377
info@comingfromkalaw.com

No. 50, Nawarat Road, 3rd Quarter
East Bogyone, Kalaw, Shan State

## Conclusion of "Silent Lives on the Mountain" & Meet-Up with the Artist

ComingFromKalaw_Art Space successfully hosted "Silent Lives on the Mountain," a solo exhibition by Than Kyaw Htay, inspired by his 2022 journey to Shan State. The works capture the beauty of the mountains alongside the struggle of farmers in the fields. Depicting uncertain futures and isolation, the exhibition portrayed the lives of those who often go unnoticed. It was held from February 6 to March 22.

On February 15, we also held a Meet-Up with Than Kyaw Htay. It was time to learn more about the paintings and enjoy relaxed, meaningful conversations with the artist.

## Silent Lives on the Mountain" ပြပွဲ ပြီးမြောက်ခြင်းနှင့် အနုပညာရှင်နှင့် တွေ့ဆုံခြင်း

ComingFromKalaw_Art Space မှာတော့ ကိုသန်းကျော်ဌေးရဲ့ ၂၀၂၂ ခုနှစ် ရှမ်းပြည်နယ်ခရီးစဉ်ကနေ အစပြုခဲ့တဲ့ "Silent Lives on the Mountain" တစ်ကိုယ်တော်ပြပွဲကို အောင်မြင်စွာပြသခဲ့ပါတယ်။ ရှမ်းပြည်အလှတရားများနှင့် အတူ လယ်ယာစိုက်ခင်းထဲမှာ ရုန်းကန်ရှင်သန်နေရသည့် တောင်သူလယ် သမားများ၏ ဘဝကို ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ မရေရာတဲ့ အနာဂတ်များ၊ အထီးကျန်ဆန်မှုကြားမှ မည်သူမျှသတိမထားမိတဲ့ သူတို့ရဲ့ ဘဝဖြစ်တည်မှုကို ရေးဆွဲထားတဲ့ ဤပြပွဲကို ဖေဖော်ဝါရီလ (၆) ရက်နေ့မှ မတ်လ (၂၂) ရက်နေ့အထိ ပြသခဲ့တာဖြစ်ပါတယ်။

ဖေဖော်ဝါရီလ (၁၅) ရက်နေ့မှာတော့ ကိုသန်းကျော်ဌေးနဲ့ လူချင်းတွေ့ဆုံနိုင်မယ့် Meet-Up လေးတစ်ခုကိုလည်း ပြုလုပ်ခဲ့ပါတယ်။ ပန်းချီကားတွေအကြောင်း အေးအေးဆေးဆေး မေးမြန်းရင်း၊ မိတ်ဆွေတွေပြန်လည်တွေ့ဆုံကြတဲ့ အမှတ်တရတစ်ခုကို အတူဖန်တီးခဲ့ကြပါတယ်။





## Conclusion of the "Born Again" Exhibition

ComingFromKalaw_Art Space hosted a solo exhibition by Gu Gu, a contemporary artist from Nyaung Shwe, Southern Shan State. This was our art space's 5th exhibition, and it was held from December 10, 2025, to January 18, 2026.

## "Born Again - အသစ်ပြန်လည်စတင်ခြင်း" ပြပွဲပြီးမြောက်ခြင်း

ComingFromKalaw_Art Space မှာတော့ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမှ အနုပညာရှင်တစ်ဦးဖြစ်တဲ့ ဂူဂူးရဲ့ တစ်ကိုယ်တော်ပြပွဲကို ပြသခဲ့ပါတယ်။ ပန်းချီပြခန်းရဲ့ (၅) ပွဲမြောက် ပြပွဲလေးဖြစ်ပြီး (၂၀၂၅) ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်မှ (၂၀၂၆) ခုနှစ် ဇန်နဝါရီလ (၁၈) ရက်နေ့ထိ ပြသခဲ့တာပဲဖြစ်ပါတယ်။

## "TASTE" Session 01 အောင်မြင်စွာ ပြီးဆုံးခြင်း

စားဖိုမှူးတစ်ယောက်နဲ့ အနုပညာရှင်တစ်ယောက် ပူးပေါင်းလိုက်တဲ့အခါ ဘာတွေဖြစ်လာမလဲ?

ECHO Dining မှာ ကျင်းပခဲ့တဲ့ ကျွန်မတို့ရဲ့ TASTE Session 01 ဟာ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါပြီ။ ဒါဟာ ဟင်းလျာတွေကို မြည်းစမ်းရုံတင်မကဘဲ အစားအစာနဲ့ အနုပညာကို တစ်ပြိုင်တည်း ခံစားသိရှိနိုင်ခဲ့တဲ့ အတွေ့အကြုံတစ်ခု ဖြစ်ပါတယ်။

အနုပညာရှင် သန်းကျော်ဌေး ရဲ့ ဖန်တီးမှုပုံစံအတိုင်း စည်းချက်ညီမှုနဲ့ နက်ရှိုင်းတဲ့ အာရုံစိုက်မှုတွေကို Chef Orng က ဟင်းလျာတစ်ခုချင်းစီမှာ ထည့်သွင်းပုံဖော်ပေးခဲ့တာပါ။ တိတ်ဆိတ်ခြင်းရဲ့ အနှစ်သာရကို ကျွန်မတို့နဲ့ အတူ လာရောက်ခံစားပေးခဲ့ကြသူ တစ်ဦးတစ်ယောက်ချင်းစီကို ကျေးဇူးအထူးတင်ရှိပါတယ်။

## What happens when a chef and an artist work together?

We recently wrapped up the first session of TASTE at ECHO Dining, a shared experience where food and art moved at the same pace. This wasn't just a menu it was a rhythmic collaboration. Chef Orng didn't just cook for the art he cooked alongside it, translating Than Kyaw Htay's signature rhythm, repetition, and quiet attention into every course.

A heartfelt thank you to those who joined us to sit, taste, and observe. You helped us prove that art is best experienced when all the senses are listening.



## သန်းကျော်ဌေး၏ တစ်ကိုယ်တော်ပြပွဲ

ပန်းချီသန်းကျော်ဌေးရဲ့ Silent Series ထဲမှ ၂၀၂၂ ခုနှစ် ရှမ်းပြည်နယ်ခရီးစဉ်ကနေ စတင်ခဲ့တဲ့ "Silent Lives on the Mountain" Series ကို ပြသသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ ရင်သပ်ရှုမောဖွယ် အလှတရားများနှင့်အတူ လယ်ကွင်းများထဲမှာ ပြင်းထန်စွာ ရုန်းကန်နေရသည့် တောင်သူလယ်သမားများ၏ ဘဝကို ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ မရေရာတဲ့ အနာဂတ်များ အထီးကျန်ဆန်မှုကြားမှ ဘယ်သူမှ သတိမထားမိတဲ့ သူတို့ရဲ့ ဘဝဖြစ်တည်ရေးဆွဲထားတာ ဖြစ်ပါတယ်။ ပြပွဲကိုတော့ ဖေဖော်ဝါရီလ (၆) ရက်နေ့မှ မတ်လ (၂၂) ရက်နေ့အထိ ComingFromKalaw_Art Space မှာ ပြသသွားမှာဖြစ်ပါတယ်။

## Than Kyaw Htay’s Solo Exhibition

We are pleased to present "Silent Lives on the Mountain," a series from Than Kyaw Htay’s broader Silent Series, inspired by his 2022 journey through Shan State.

These works capture the breathtaking beauty of Shan State’s landscape alongside the intense, quiet struggle of farmers working in the fields. Amidst uncertain futures and a sense of isolation, the artist portrays the existence of those whose lives often go unnoticed.

The exhibition will be on view from February 6 to March 22 at ComingFromKalaw_Art Space.

# Silent Lives on the Mountain





**THAN KYAW HTAY**

**Feb 6- Mar 22, 2026**
**10:00 AM - 4:00 PM**
**@ComingFromKalaw_Art Space**

## **Pencil Drawing Class**

Our Pencil Drawing Class, which started on December 6, currently brings together 28 art enthusiasts: 20 in our kids' class (ages 7+) and 8 in our adult class. It's a great mix of talent and experience.

## **ခဲပန်းချီသင်တန်း**

ဒီဇင်ဘာလ (၆) ရက်နေ့က စတင်ခဲ့တဲ့ ကျွန်မတို့ရဲ့ ခဲပန်းချီ သင်တန်းမှာ အခုဆိုရင် ဝါသနာရှင် (၂၈) ဦးတောင် ရှိနေပါပြီ ။ အသက် (၇) နှစ်ကနေ လူကြီးပိုင်းအထိ အစုံအလင်ပဲမို့ ကလေးတို့ရဲ့ ပါရမီနဲ့ လူကြီးတွေရဲ့ အတွေ့အကြုံတွေ ပေါင်းစပ်နေတဲ့ တက်ကြွစရာ အတန်းလေးတစ်ခု ဖြစ်လာပါပြီ။





## Basic Painting Class For Kids

Launched on December 28, our Basic Painting Class currently welcomes 19 students aged 7 to 14. The kids are mastering foundational theories in a structured yet joyful environment.

ဒီဇင်ဘာလ (၂၈) ရက်နေ့က စတင်ခဲ့တဲ့ ကျွန်မတို့ရဲ့ အခြေခံ ပန်းချီသင်တန်း လေးမှာ အခုဆိုရင် အသက် (၇) နှစ်ကနေ (၁၄) နှစ်အရွယ် သားသားမီးမီး (၁၉) ဦး တက်ရောက်နေကြပါတယ် ။ ကလေးငယ်တွေဟာ ပန်းချီရဲ့ အခြေခံသီအိုရီတွေကို စနစ်တကျနဲ့ ပျော်ပျော်ပါးပါး လေ့လာသင်ယူနေကြတာမို့ သင်တန်းကျောင်းလေးမှာ အမြဲတမ်း သက်ဝင်လှုပ်ရှားနေပါတယ်။



## Upcoming Summer Art Studio

New classes are coming! We're launching several new painting sessions and engaging workshops for youth and kids this summer. It's a great chance to expand your creativity and try something different during the break. Make sure you're following us on social media.

## နွေရာသီအတန်းသစ်များအတွက် အသိပေးခြင်း

နွေရာသီမှာ ဘာတွေလာမလဲ? ကျောင်းပိတ်ရက်မှာ ပျော်ဖို့ ကောင်းမယ့် ပန်းချီအတန်းသစ်တွေနဲ့ Workshops တွေ အများကြီး လာတော့မှာမို့ စောင့်ကြည့်ပေးကြပါဦး ။ အသစ်အသစ်တွေကို သိရဖို့ ကျွန်မတို့ရဲ့ Social Media ကို Follow လုပ်ထားဖို့ မမေ့နဲ့ဦးနော်။



## Traditional Myanmar Dance "Kabyar Lut" Class

Since launching on January 10 with renowned dancer Thin Thin Kyu, our first 'Kabyar Lut' Traditional Dance class has brought together 20 students in our art space. From 7-year-olds to adults, our group is diving into the basics of Myanmar dance, finding both the discipline and the joy in every step.

## ကဗျာလွတ်မြန်မာအကသင်တန်း

ကဗျာလွတ်မြန်မာအကသင်တန်း ဇန်နဝါရီလ (၁၀) ရက်နေ့မှာ အကဆရာမ သင်းသင်းကြူနဲ့အတူ ကျွန်မတို့ရဲ့ ပထမဆုံး "ကဗျာလွတ်" သင်တန်းလေးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ် ။ အခုဆိုရင် အသက် (၇) နှစ်အရွယ်မှ လူကြီးပိုင်းအထိ သင်တန်းသူ (၂၀) ဦး ရှိနေပြီဖြစ်ပါတယ်။ သင်တန်းသူအားလုံးဟာ မြန်မာ့အကရဲ့ အခြေခံတွေကို စနစ်တကျ လေ့လာရင်း ခြေလှမ်းတိုင်းမှာ စည်းကမ်းနဲ့ ပျော်ရွှင်မှုကို အတူတကွ ရှာဖွေနေကြပြီဖြစ်ပါတယ်။



# Let's build the future through art together

The CFK_Art Fund would like to express its deepest gratitude and respect to those who have supported the artistic dreams of the Kalaw region.
ကလောဒေသရှိ ကလေးငယ်များ၏ အနုပညာအိပ်မက်များကို ဝိုင်းဝန်းပံ့ပိုးပေးကြသူများအား CFK_Art Fund မှ အထူးပင် ကျေးဇူးတင်ရှိကြောင်း ဂါရဝပြုအပ်ပါတယ်။

## Summary of Gratitude:

- To **Artist Yeinn Kham** and **Artist Sai Thet Htwe** for donating their paintings.
- To everyone who supported us by purchasing artworks from the gallery.
- To every individual who contributed directly to the fund.

## ကျေးဇူးတင်လွှာ အကျဉ်းချုပ် -

- ပန်းချီကားများကို လှူဒါန်းပေးခဲ့ကြသည့် **ဆရာမယိမ်းခမ်း နှင့် ဆရာစိုင်းသက်ထွေး** တို့အား ကျေးဇူးတင်ရှိပါတယ်။
- ပြခန်းရှိ အနုပညာလက်ရာများကို ဝယ်ယူအားပေးခဲ့ကြသူ တစ်ဦးတစ်ယောက်ချင်းစီအား ကျေးဇူးတင်ရှိပါတယ်။
- ရန်ပုံငွေအနေနှင့်ဖြစ်စေ တိုက်ရိုက်အလှူငွေ ထည့်ဝင်ပေးခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါတယ်။

## Ways to Get Involved:

- By donating your own artworks.
- By making a direct monetary donation.
- By helping us spread the word and sharing this message.

## ပါဝင်ကူညီနိုင်မည့် နည်းလမ်းများ -

- မိမိတို့၏ အနုပညာလက်ရာများကို လှူဒါန်းခြင်းဖြင့် ပါဝင်နိုင်ပါတယ်။
- အလှူငွေများကို တိုက်ရိုက်ပေးပို့ လှူဒါန်းနိုင်ပါတယ်။
- ဤသတင်းစကားကို မျှဝေပေးခြင်းဖြင့်လည်း ကျွန်ုပ်တို့အား ကူညီနိုင်ပါတယ်။

Your support and participation provide the vital energy needed to establish a thriving art community.
သင်တို့၏ ပံ့ပိုးကူညီမှုနှင့် ပါဝင်ဆောင်ရွက်မှုများသည် ကောင်းမွန်တဲ့ အနုပညာအသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာစေရန်အတွက် အဖိုးမဖြတ်နိုင်သော အင်အားတစ်ခု ဖြစ်လာမှာပါ။

